
www.burmeseclassic.com

သားသားမီးမီးတို့အတွက်

သင်ထောက်ကူကလေးကဗျာနှင့်

# အိပ်ရာဝင်စကားပုံ ပုံပြင်များ



www.burmeseclassic.com

www.burmeseclassic.com

**မိဘကျင့်ဝတ်ငါးပါး**

မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊
ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊
ဖခင်မယ်တို့တာ။

**ဆရာ့ကျင့်ဝတ်ငါးပါး**

အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပ မချန်၊ ဘေးရန်ဆီးကာ၊
သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ။

BURMESE CLASSIC

**တပည့်ကျင့်ဝတ်ငါးပါး**

ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊
သင်တွေးအံ့ရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ။

**သားသမီးကျင့်ဝတ်ငါးပါး**

ကျွေးမွေးမပြတ်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊
ဤမျှဂေ၍ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊
ကျင့်ဖွယ်သားတို့တာ။

ကောင်းမှုမြတ်နိုး
ကောင်းအောင်ကြိုး၍
ကောင်းကျိုးကိုယ်၌ တည်စေမင်း။
(အရှင်ဩဘာသ)
လောကသာရပျို့

www.burmeseclassic.com

www.burmeseclassic.com

အမည် ....................................................................

အတန်း ....................................................................

ကျောင်း ....................................................................

....................................................................

အတွက်

BURMESE CLASSIC

....................................................................


မှ

# မေတ္တာလက်ဆောင်



www.burmeseclassic.com

www.burmeseclassic.com






**ပုံနှိပ်မှတ်တမ်း**
ထုတ်ဝေသူ
ဦးကျော်ကျော်ဝေ
ရွှက်စိမ်းစာပေ(၁၁၁၄၇)
အမှတ်(၄၃/A) ၄လမ်း၊
လမ်းမတော်ရန်ကုန်မြို့။
ပုံနှိပ်သူ
ဦးကျော်သူ(မြ-၁၁၁၁၈)
သဒ္ဒါမိုးပုံနှိပ်တိုက်
စာအုပ်ချုပ်
ကောင်းစု
တန်ဖိုး(၅၀၀)ကျပ်
အုပ်ရေ- ၁၀၀၀



**ပြည်လုံးကျွတ်ဖြန့်ချိရေး**
သုခဘုံစာပေ
thukhabon.ts@gmail.com
09 4210 23 843, 09 793 666 174

www.burmeseclassic.com

www.burmeseclassic.com



# ပိုချင်းစာ

မြောက်အရပ်က
ရှုဝံကြည်
လမ်းပျောက်သူကို
လမ်းပြတယ်
ညမှောင်ကောင်းကင်
ထိန်ထိန်လင်း
ဖိုးလမင်းရဲ့ ရွှေအဆင်း။

မီးမီးတို့ရဲ့
ခြံထဲမှာ
လင်းတဲ့ မိုတ်တဲ့
ရောင်စဉ်ဖြာ
သူ့မှာလည်းလင်း
သူ့အချင်း
ဖိုးလမင်းတို့ သူငယ်ချင်း။

ဘုန်းလကျော်

www.burmeseclassic.com

www.burmeseclassic.com

# ရှာဦးကျောင်းညချမ်း



ကောင်းကင်ပြာကို ကြည့်ပါဦး
ကြယ်စင်လင်းလက်မြူး။

ထူးထူးခြားခြား လမင်းသာ
ဝိုင်းဝိုင်းစက်စက် လင်းရောင်ဖြာ။

တိမ်မှောင်ဝေကင်း မြူမြေးရှင်း
သာယာပါဘိ ညအခင်း။

လေညှင်းသွဲ့သွဲ့ ဆည်းလည်းသံ
ရှာဦးစေတီယံ။

နားဝင်ပီယံ သာဘိတောင်း၊
ငါတို့ရှာဦးကျောင်း။

**မောင်သင်းဝေ**

www.burmeseclassic.com

www.burmeseclassic.com

# ချစ်စရာဥယျာဉ်

ဒီဖင်ဘာလချမ်းမြမြ
ငွေနှင်းမှုံတွေ ဖြာဝေကျ။

စောစောထလို့လမ်းကိုလျှောက်
ပြေးလိုက်လွှားလိုက် ကစားခုန်ပေါက်။

ထွန်းတောက် ကြိုးစားအောင်ပွဲဝင်
ကိုယ်လက်ကြံ့ခိုင် ဉာဏ်စွမ်းရှင်။

နိုင်ငံဂုဏ်အင်မြှင့်တင်ကြ
ထထကြွကြွ နိုးကြားကြ။

စောစောအိပ်လို့ စောစောထ
စောစောလမ်းလျှောက်ကြ။

**မောင်သင်းဝေ**



www.burmeseclassic.com



# နောင်ဝေဝေ

ကြေးစည်သံလေး နောင်ဝေဝေ
ကြည်နူးချမ်းမြ သာယာပေ
ပန်းတွေငုံဖူး အရုဏ်ဦး
ကျေးငှက်တွန်ကျူး တကူးကူး။

ရွာဦးကျောင်းက အုန်းမောင်းသံ
ကိုရင်လေးတို့ ဆွမ်းခံပြန်၊
ဆွမ်းဆန်ခံတဲ့ ဖိုးကံကောင်း
မလေးတွေ့ဖို့ချောင်း။

ဆွမ်းဆန်လောင်းတဲ့ မလေးပျို
ရှက်သွေးစိမ့်စိမ့်ယို
ရွှေရင်ဖိုလို့ လက်ချင်းထိ
ကံကောင်းပြုံးစိစိ။

မောင်သင်းဝေ

www.burmeseclassic.com

www.burmeseclassic.com

# ကျောင်းမှုန်မှုန်ကြက် စာမှချက်

နင်းတွေဝေဖြာ စိမ့်စိမ့်ကွေးတုန်း
ချမ်းချမ်းအေးအေး ထရတယ်...။
ဘုရားစာဆို မျက်နှာသစ်၍
မေမေ့ကိုကူ လှည်းကျင်းတယ်...။
နံနက်စာကိုအမြန်စားလို့
ကျောင်းသွားဖို့လည်း စာနွေးမယ်...။
ဆရာမကို စာဆိုပြဖို့
တို့ကျောင်းတက်မယ် ကျောင်းတက်မယ်...။
သွားမယ်... သွားမယ်...။

ဘုန်းလကျော်



www.burmeseclassic.com

# တိရစ္ဆာန်ရုံ သွားကြမယ်

ဒေါင်းကလေးကကကချေသည်၊
အမြီးဖြန့်လို့ ကတတ်တယ်။

ရေကန်လယ်ကဖျံကလေး
ငါးဖမ်းကျွမ်းလှသေး။

အပြေးလျင်တဲ့ သားသမင်
ဟိုသည်ပြေးလွှား မြူးပျော်ရွှင်။

ရန်စချင်တဲ့ ကိုရွှေမျောက်၊
ဟိုစုန်သည်စုန် စိတ်ကူးပေါက်။

ကြောက်ဖို့ကောင်းတဲ့ ကျားကြီးတွေ
လှောင်အိမ့် ထဲမှာနေ။

မိုမိုရေခေါ် သံကြူး၊
ဆင်မလေးက ဗူး...ဗူး... ဗူး...

ကြည့်နူးစရာတိရစ္ဆာန်ရုံ၊
သားရဲကျေးငှက်အမျိုးစုံ။

မိသားစုဆုံအကုန်သွား
ကျောင်းပိတ်ရက်မှာလွန်ပျော်ပါး၊
ရယ်ကြမောကြဆော့ကစား
တဝါးဝါး......... တဟားဟား.........။

**မောင်သင်းဝေ**



www.burmeseclassic.com

www.burmeseclassic.com

# ဒေါင်ဒင်

ဒေါင်ဒင် ဒေါင်ဒင်
အိပ်ယာထလို့ အားသစ်ဝင်၊
ရောင်ခြည်လွှင့်လို့ ကျေးငှက်မြူး
နံနက်အာရုဏ်ဦး။

ရွှင်မြူးချမ်းမြစိတ်ကြည်လင်
စာရေးစာဖတ်သင်၊
လွယ်အိတ်ပြင်လို့ စာအုပ်များ
စစ်ဆေးကြည့်ရှုထား။


အစာစားလို့ ကိုယ်သန့်စင်
ကျောင်းသွားဖို့ရာပြင်၊
နေ့စဉ်လုပ်ငန်းအချိန်ဇယား
သားတို့တာဝန်များ။

ဒေအး (မန္တလေး)



# ဖိုးလမင်း

ဖိုးလမင်း ဖိုးလမင်း
ထက်ကောင်းကင်မှာလင်း။
ဖိုးလမင်းကသာမြပင်
ဝိုင်းဝိုင်းစက်စက် အသွင်၊
လူတိုင်းချစ်ခင် ရှမဝ
ကြည်နူးချမ်းမြေ့ကြ။
ဖိုးလမင်းလိုပုံအသွင်
အပြုံးပန်းလေးဆင်။
ထာဝစဉ်ကွယ် ယဉ်ယဉ်ကျေး
အလိမ္မာတွေဖွေး။
ဂုဏ်သစ်မွေးလို့ ရှုတိုင်းယဉ်
ဖိုးလမင်းကြီးပုံအသွင်။
သားသားရင်မှာအတုယူမှ
လူတိုင်းချစ်ခင်ကြ။



**ဇယျူနိုကျော်ဦး**





www.burmeseclassic.com

www.burmeseclassic.com

# နွေဦးည
# မိုးဦးဖ

ဗိုးရွှေလမင်းထိန်ထိန်သာ
ညချမ်းသည့်ချိန်ခါ။
ကောင်းကင်ယံမှာသာလေစွ
မေမေ့မျက်နှာ ဝင်းပပ။
နေမင်းကြီးကထွန်းပနေ
နေ့မှာဝင်းပ သာစွလေ။
ခွန်အားသစ်တွေ ပေးဝေငှ
ဖေဖေ့ အလားပ။
နေ့ရယ်ညရယ် ပြောင်းလို့ရယ်
နေနဲ့လတို့ သာကြတယ်။
နေနယ်လနယ် ပမာမခြား
နေ့ရောညပါ လင်းလျက်သား။
မိခင်ဖခင်မေတ္တာများ
သားသားရှိသေဦးညွှတ်တွား။

**မောင်သင်းဝေ**



www.burmeseclassic.com

www.burmeseclassic.com



# ကြိုးစားနိုးကြား မြင့်ကျွန်းသား

မနက်စောစီး ထ ပါကွယ်
ကြည်နူးဖို့ကောင်းတယ်၊

အရှေ့ဘက်ဝယ် ရောင်နီပြေး
လေပြည်လေညင်းအေး၊

ငှက်ကလေးတွေ တေးဆိုမယ်
နံနက်ကြိုကြတယ်၊

စောစော ထ ကွယ် စာကျက်မှ
မှတ်ဉာဏ်ကောင်းပါကြ၊

လုံ့လဇွဲနှင့် ကြိုးပါမောင်
တစ်နှစ်တစ်တန်းအောင်၊

ပညာလင်းရောင် အကျိုးများ
ဖတ်မှတ်လေ့လာဆည်းပူးထား
ကြိုးစို့မောင်ကျောင်းသား။

**မောင်သင်းဝေ**

www.burmeseclassic.com

www.burmeseclassic.com

# ညီလေးရဲ့ည



ဖြိုးဖြိုးပျက်ပျက်
ဝင်းဝင်းလက်
ကောင်းကင်ပြာ
ကြယ်တွေထွက်၊
လင်းလက် လင်းလက်
လင်းရောင်ထိန်
ညီလေးရဲ့မှန်အိမ်။

စာအံချိန်မှာ
ကူညီပြ
က,ခ,ဂ,ဃ,င၊
မိုးတိမ်ဝက
လမင်းဟာ
ဝိုင်းဝိုင်းစက်စက်
အရောင်ဖြာ
သင်ပုန်းပေါ်က
ကိုဝလုံး
ညီလေး ကြည့်လို့ပြုံး။

ဓေအး (မန္တလေး)

www.burmeseclassic.com

www.burmeseclassic.com



# ရွှေရိုးသည်

ပေတိုးပုံပတ် ပေတိုးပုံ
အိုးစည်တီးလို့ခုန်
ဒိုးသံစုံနှင့် လင်းကွင်းကြမ်း
လူလေးတီးချင်စမ်း။

အကဆန်းတဲ့ မလေးငယ်
ဘယ်ညာယိမ်းကာရယ်
ကကြိုးသွယ်လို့ လက်ကိုချိုး
ကောင်းပေသည်ကကြိုး။

ရွှေရိုးကတဲ့ မလေးမောင်
နှုတ်ခမ်းမွှေးကထောင်၊
ကိုသာမောင်တို့အလှူပွဲ
ရွာလုံးမြိမ့်မြိမ့်သဲ။

အေး (မန္တလေး)

www.burmeseclassic.com

www.burmeseclassic.com

# မေမေ့မေတ္တာ



ကောင်းကင်ကြီးကအလွန်ကျယ်
ပင်လယ်ကြီးကကျယ်
မေမေ့မေတ္တာအကျယ်ဆုံး
တုန္နိုင်းဘယ်မဆုံး။

မြင့်မိုရ်တောင်ကြီး မြင့်ပါတယ်
ကောင်းကင်မြင့်ပါတယ်၊
မေမေ့မေတ္တာအမြင့်ဆုံး
တုန္နိုင်းဘယ်မဆုံး။

နေရောင်ခြည်လည်းလင်းပါတယ်
လရောင် လင်းပါတယ်၊
မေမေ့မေတ္တာအလင်းဆုံး
တုန္နိုင်းဘယ်မဆုံး။

ပန်းကလေးများမွှေးပါတယ်
စမ်းရေအေးပါတယ်၊
မေမေ့မေတ္တာအမွှေးဆုံး
မေမေ့မေတ္တာအအေးဆုံး
တုန္နိုင်းဘယ်မဆုံး။

သီရိစံ

www.burmeseclassic.com

www.burmeseclassic.com

# လှေသူကြီး

ဂျိုးဂျိုးဂျိမ့်ဂျိမ့် ဆူညံလာ
မိုးရောလေရောပါ၊

မိုးရေလာတော့ ရွာပါတော့၊
ရေရှိုးချင်လှပေါ့။

တော်တော်ဆော့တဲ့ တောတော
ရွှံ့ရောဗွက်ရောပေ။

မိုးရေကကြီးချောင်းကစီး
ပိန်းကောလှေသူကြီး

ထီးလေးယူခဲ့ မောင်လေးရယ်
မိုးစိုရွှဲလိမ့်မယ်။

ကန့်ပေါင်လယ်က ကြာနွယ်ရိုး
ထီးလုပ်လို့မိုး။

**မောင်သင်းဝေ**



www.burmeseclassic.com

www.burmeseclassic.com



# ပန်းကလေးများ လန်းစေချင်

ပန်းကလေးများ လန်းစေချင်၊
လောကကမ္ဘာမြေ တစ်ခွင်။

မိဝေးဖဝေး သည်ကလေး
ပြုစုပျိုးထောင် ကျွေးမွေးပေး။

နွေးသောလက်ဖြင့် ပွေ့ဖက်ကာ
ဝိုင်းကာကူကာ စောင့်ရှောက်ပါ

မေတ္တာရေအေး တိုက်ကာကျွေး။
နေခြည်နွေးနွေး ပန်းမွှေးမွှေး။
မေတ္တာရနံ့ သင်းပျံ့အေး။

**မောင်သင်းဝေ**

www.burmeseclassic.com


www.burmeseclassic.com

# ဗိုလ်လုပွဲ

ဆည်းလည်းသံလေး
ချွင်ချွင်မြည်
ရွာဦးကျောင်းက
မြတ်စေတီ။
အုန်းမောင်းခေါက်ပြီ
ကျောင်းသားတို့
ဆွမ်းခံထွက်ကြစို့။

ကြေးစည်ထုလို့
ရွာအဝင်
ဖျို့ဟစ် သံကလွှင်
ကိုရင်ကံကောင်း
ဖိုးသံချောင်း
စံပြ စံလှ
အဖော်ကောင်း။

ညနေစောင်းတော့
ဘောလုံးကန်
လက်ခုပ်သံက
တညံညံ
ချွေးသံရွှဲရွှဲ
မောနိုင်ပဲ
အပြုံးပန်းတို့
ဝေနေဆဲ
ရွာဦးကျောင်းကဗိုလ်လုပွဲ။



မောင်သင်းဝေ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



# ဥပုသ်စောင့်မယ်

နံနက်ချိန်ခါ ရောင်နီပျို့လို့
အိပ်ယာထစို့ မောင်လေးရယ်။

မျက်နှာသစ်ကာ အဝတ်လဲလို့
သန့်ရှင်းရေးလည်း လုပ်ကြမယ်။

ဆွမ်းတော်မီအောင် ချက်ပြုတ်ပြီးမှ
ဘုရားဝတ်ပြု ဆွမ်းကပ်မယ်။

အမျှဝေကာ ကြေးစည်ထုလို့
သာဓုသုံးကြိမ် ခေါ်ဖို့ရှယ်။

ဝါတွင်းချိန်ခါ ဥပုသ်နေ့ကွယ်
မမေ့သီလစောင့်ကြမယ်
စောင့်မယ် စောင့်မယ်။

မောင်သင်းဝေ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# နေ့သစ်ကြို



ဒီဇင်ဘာလ ချမ်းမြမြ
ငွေနှင်းမှုန်တွေ ဖြာဝေကျ။

စောစောထလို့ လမ်းလျှောက်ပါ
ကိုယ်လက်ကျန်းမာ စိတ်ချမ်းသာ။

နေရောင်ခြည်လာ ဖြာဝေသန်း
ပန်းတို့ဖူးငုံ ပွင့်ကာလန်း။

ချမ်းမြေ့ကြည်နူး ပျော်ရွှင်စရာ
ကျေးငှက်တွန်ကျူး သံသာသာ။

ကမ္ဘာလောက လွှမ်းနိုးထ
စောစောထလို့ လမ်းလျှောက်ကြ
နေ့သစ်ကြိုဆိုကြ။

**မောင်သင်းဝေ**

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# နွေဦးစာလ

အာရုံကျင်းလို့ လင်းရောင်ဖြာ၊
ရောင်စုံပန်းများ ဖူးပွင့်လှာ။

ကျေးငှက်သံသာ တွန်ကာကျူး၊
သာစွ သည်နွေဦး။

ပုရစ်ဖူးလို့ ရွက်ဟောင်းကြွေ
လေရူးနောက်လို့မွှေ။

ကြေးစည်သံ နှောင်ဝေကြား
´သာဓု`ခေါ်ကြ လူအများ။

လှူပ်ရှားရုံးကန် နိုးထပြီ
နေ့သစ် တစ်ခုဆီ၊

တူတူညီညီ ပျော်ဖွယ်ကောင်း၊
သွားစို့ စာသင်ကျောင်း။

**မောင်သင်းဝေ**



www.burmeseclassic.com

www.burmeseclassic.com



# သူ့အားနဲ့သူ

နားရွက်ထောင်နဲ့ ယုန်ကလေး
ခုန်ဆွ ခုန်ဆွပြေး။

သမင်ကလေးကမျက်လုံးကျယ်
အပြေးမြန် လှတယ်။

လိပ်ကလေးကခပ်သေးသေး
ပန်းတိုင်ဆီသို့ တဖြေးဖြေး။

မျောက်ကလေးမောင်မဲညို
အဆော့မက်တယ်ဆို။

သစ်ပင်ထက်က ဝက်ဝံလေး
ပျားရည်ညှစ်ဖို့ လက်မနေး။

ဇီးကွက်ကြီး ငုံ့ငုံ့ကြွား
ပညာရှိပါတကား။

ဝံသူဝေ

www.burmeseclassic.com

www.burmeseclassic.com



# အသုံးကျခြင်းသည်

ကလေးတို့ရေ တစ်ခါတုန်းက မြိုင်ဟေဝန်ဆိုတဲ့ တောအုပ်ကြီးထဲမှာ တိရစ္ဆာန်ပေါင်းစုံဟာ စုပေါင်းပြီး ပျော်ရွှင်စွာ နေထိုင်ကြသတဲ့ကွယ်။

တိရစ္ဆာန်လေးများနှင့် အတူ၊ ပညာရှိ ဦးဇီးကွက်ကြီးရယ်၊ အလှအပ အလွန်မက်တဲ့ သမင်မလေးရယ်၊ အစအနောက် အလွန်သန်တဲ့ မျောက်ကလေးရယ် လိပ်ကလေး တစ်ကောင်ရယ် ရှိကြသတဲ့ကွယ်။

www.burmeseclassic.com

www.burmeseclassic.com

သည့်လိုနဲ့ တောထဲမှာ နေထိုင်လာကြရင်း ဟေမာန်ကာလ (ဆောင်း) ဆောင်းတွင်းအချိန် ကုန်ဆုံးပြီး နွေဂိမ်မာန်သို့ ရောက်လို့ လာတာပေါ့ကွယ်။

နွေဦးအချိန် ရောက်လာသည်နှင့်အမျှ ရာသီဥတုကလည်း ပူပြင်းခြောက်သွေ့ လာတာပေါ့ကွယ်။ တစ်နေ့တော့ ပညာရှိ ဖီးကွက်ကြီးဟာ အစာရှာ ထွက်လာရင်း သစ်ပင်ထိပ်ဖျားမှာ နားနေသတဲ့။ သစ်ပင်အနီး ရေကန်ကြီးကို ကြည့်မိတော့ ကန်စပ်အနီးမှာ လိပ်ကလေးကို တွေ့သတဲ့။ "ဟင်.........။ လိပ်ကလေးပါလား မင်းဒီရေကန်ထဲမှာ ဆက်နေလို့ ဘယ်လိုဖြစ်မှာလဲ မကြာခင် ဒီရေကန်ကြီးက ခမ်းခြောက်တော့မှာ" လို့ ဖီးကွက်ကြီးက ပြောသတဲ့။

အဲဒီတော့ လိပ်ကလေးက "ဟုတ်ပါတယ် ဦးဖီးကွက်ကြီးရယ် ကျွန်တော်လဲ ဒီအတွက်ပဲ စိတ်ဒုက္ခ တော်တော်လေး ရောက်နေရပါတယ်" လို့ ပြောရှာသတဲ့ကွယ်။ အေး ...... အေး မင်းဘာမှ စိတ်မပူနဲ့တော့ တောအုပ်ကြီးထဲက ရေတံခွန်ကြီးနားမှာ ရေမခမ်းခြောက်တဲ့ ရေကန်ကြီးတစ်ကန် ရှိတယ်။ အဲဒီ ရေကန်ကြီးထဲကို မင်းကိုငါတို့ ပို့ပေးမယ်" လို့ ဖီးကွက်ကြီးက ပြောသတဲ့။

"ဟုတ်ကဲ့ ခင်ဗျာ ... ကျေးဇူးတင်ပါတယ် ဦးဖီးကွက်ကြီးရယ်"

ဦးဖီးကွက်ကြီးလည်း မမောနိုင် မပန်းနိုင် လိပ်ကလေးကို ကူညီဖို့အရေး အကြံထုတ်နေရင်း ပညာရှိ ဖီးကွက်ကြီးဟာ တောထဲမှာ ကျော့မော့လှပပြီး သူ့အလှကို ဂုဏ်ယူဝံ့ကြွားစွာ လမ်းလျှောက်နေတဲ့ သမင်မလေးကို တွေ့တော့ ဖီးကွက်ကြီးလည်း အားရဝမ်းသာစွာနဲ့

"ဟယ်......... သမင်မလေး နင့်ကိုတွေ့ရတာ အတော်ပဲ ငါ့ကို ကူညီပါဦးဟာ........."

"ဩော် ......... ဦးဖီးကွက်ကြီးပါလား ပြောလေကျွန်မက ဘာကူညီရမှာလဲ" လို့ သမင်မလေးကမေးသတဲ့........။

ဦးဖီးကွက်ကြီးက ရေခမ်းနေတဲ့ ကန်ထဲက လိပ်ကလေးကို ကူညီ ကယ်တင်ဖို့အကြောင်း ရှင်းပြတာပေါ့ကွယ်...။

www.burmeseclassic.com

www.burmeseclassic.com

သမင်မလေးက "အဲဒါတော့ မဖြစ်နိုင်ပါဘူး ဦးဖိုးကွက်ကြီးရယ်၊ ကျွန်မရဲ့ ဦးချိုပေါ်မှာ ချိတ်ပြီးတော့ တောလယ်က ရေကန်ကြီးထဲထိ ပို့ပေးရရင် လိပ်ကလေးရဲ့ အရိုးအရွဲတွေက ကျွန်မရဲ့ တစ်ကိုယ်လုံးကို ပေကျံကုန်မှာပေါ့" လို့ သမင်မလေးက ပြောလိုက်သတဲ့ကွယ်။ အဲဒီအခါ ဦးဖိုးကွက်ကြီးလည်း စိတ်မကောင်းစွာနဲ့ ပျံသန်းသွားသတဲ့ကွယ်။ ဒီလိုနဲ့ ပျံသန်းရင်း သစ်ပင်ထိပ်ဖျားမှာ ဆော့ကစားနေတဲ့ မျောက်ကလေးကို တွေ့လိုက်ရတော့ ဦးဖိုးကွက်ကြီးလည်း အလွန်ဝမ်းသာပြီး

"ဟယ်...... မျောက်ညို နင့်ကို တွေ့ရတာ အတော်ပဲ ငါ့ကို ကူညီစမ်းပါဦးကွာ"

"ဩော် ............ ဦးဖိုးကွက်ကြီးပါလား၊ ကျွန်တော်ဘာများ အကူအညီ ပေးရမလဲ" လို့ မျောက်ကလေးက မေးသတဲ့။ ဦးဖိုးကွက်ကြီးက ရေခမ်းနေတဲ့ ကန်ထဲက လိပ်ကလေးကို ကူညီကယ်တင်ဖို့အကြောင်း ရှင်းပြလိုက်တော့ "ဒါလေးများ ဦးဖိုးကွက်ကြီးရယ် သူတစ်ပါး အသက်တစ်ချောင်းကို ကယ်တင် ကောင်းပါတယ် ဘာပင်ပန်းတာ မှတ်လို့ ကူညီကျတာပေါ့" လို့ မျောက်ကလေး ညိုက ပြောသတဲ့။ ဦးဖိုးကွက်ကြီးလည်း အရမ်းကို ဝမ်းသာသွားပြီး လိပ်ကလေးကို ကယ်တင်ရန် သွားကြသတဲ့။ ဦးဖိုးကွက်ကြီးနှင့် မျောက်ကလေးရဲ့ အကူအညီကြောင့် လိပ်ကလေးဟာ တောလယ်က ရေကန်ကြီးထဲကို ရောက်သွားတာပေါ့ကွယ်။

"ကျေးဇူးတင်ပါတယ်........ ဦးဖိုးကွက်ကြီးနှင့် မျောက်ကလေးရယ် ခင်ဗျားတို့ ကျေးဇူးကို ကျွန်တော် ဒီတစ်သက် ဘယ်တော့မှ မမေ့ပါဘူး" လို့ လိပ်ကလေးက ပြောပြီး ရေကန်ကြီးထဲမှာ ပျော်ရွှင်စွာ ဆော့ကစားပြီး နေသတဲ့ကွယ်။

သည်လိုနဲ့ တစ်နေ့မှာ တောလိုက် မုဆိုးကြီးတွေရဲ့ ကျော့ကွင်းထဲမှာ သမင်မလေးဟာ ချုပ်နှောင်မိနေသတဲ့။ သမင်မလေး ထောင်ချောက်မိနေတာကို ဦးဖိုးကွက်ကြီးက မြင်လိုက်သတဲ့။ "ဟင်... သမင်မလေး ထောင်ချောက်မိနေပါလား မဖြစ်ချေဘူး အမြန်ကယ်တင်မှပဲ" ဆိုပြီး တောတွင်းရှိ သတ္တဝါလေးများကို အကူအညီပေးရန် လိုက်ရှာတာပေါ့ကွယ်။ အဲဒီအချိန်မှာ ဆော့ကစားနေတဲ့ မျောက်ကလေး ညိုကို တွေ့တော့ အားရဝမ်းသာ ဖြစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ ညီ၊ ဟဲ့ ညီ၊ မင်းကို တွေ့မှ တွေ့ပါ့မလားလို့ စိတ်ပူလိုက်ရတာ အခုမှပဲ စိတ်အေးရတော့တယ်ကွာ"

"ဟာ ဦးဇီးကွက်ကြီးကလဲ လာလိုက်ရင် အရေးတကြီးနဲ့ပဲ ကဲပြော ကျွန်တော် ဘာကူညီပေးရမလဲ" လို့ မျောက်ကလေးက ပြန်မေးသတဲ့။

"ဒီလိုကွ တောထဲမှာ သမင်မလေး မုဆိုးတွေရဲ့ ထောင်ချောက်ထဲမှာ မိနေတယ် အဲဒါ ငါတို့ အချိန်မီ သွားကယ်မှ ဖြစ်မယ်"

"ဟာ ဒါဆို ဘယ်ဖြစ်မလဲ၊ သမင်မလေးကို အမြန်သွားကယ်မှ ဖြစ်မယ်" ဆိုပြီး ကယ်တင်ဖို့ ထွက်သွားကြသတဲ့။

အဲဒီလိုနဲ့ သမင်မလေးဆီ ရောက်တော့ ဘာမှမပူနဲ့ နင့်ကိုငါတို့ ကယ်တင်မယ်။ သမင်မလေးလည်း ဦးဇီးကွက်ကြီးနဲ့ မျောက်ကလေးကို မြင်တော့ အရမ်းကို ဝမ်းသာပြီး အားတက်သွားတာပေါ့ကွယ် မျောက်ကလေး ညီ၊လည်း သစ်ပင်ပေါ်ကို အမြန်တက်ပြီး မုဆိုးကြီးတွေ မလာခင် ကြိုးကို တက်ဖြေတာပေါ့ကွယ် ဒါပေမဲ့ မုဆိုးကြီးတွေရဲ့ ထောင်ချောက်ကြိုးဟာ အရမ်းခိုင်မြဲပြီး ဖြည်လို့ မရရှာဘူးပေါ့ကွယ်။ အဲဒါမှ ဒုက္ခပဲ မုဆိုးကြီးတွေက မကြာခင် ရောက်လာကြတော့မှာ ငါတို့ ဘယ်လိုလုပ်ကြရင် ကောင်းမလဲလို့ စဉ်းစားနေတုန်း "ဟာ အကြံရပြီ တောလယ်က ရေကန်ကြီးထဲက လိပ်ကလေးဆီကို သွားမှပဲ" ဆိုပြီး ဦးဇီးကွက်ကြီးဟာ ပျံသန်းသွားသတဲ့။

လိပ်ကလေးဆီကို ရောက်တော့ "ဟာ ဦးဇီးကွက်ကြီးပါလား မတွေ့တာလဲ ကြာပေါ့" လို့ အားရဝမ်းသာ နှုတ်ဆက်သတဲ့။ ဦးဇီးကွက်ကြီးကလည်း သမင်မလေး ထောင်ချောက် မိနေကြောင်း အမြန်ကယ်တင်မှ ဖြစ်မဲ့အကြောင်း ကြိုးဖြည်ရန် အခက်အခဲ ဖြစ်နေကြောင်း လိပ်ကလေးကို ရှင်းပြတာပေါ့ကွယ်။

www.burmeseclassic.com

www.burmeseclassic.com

"ဒီအတွက် ဦးဇီးကွက်ကြီး ဘာမှမပူပါနဲ့ ကျွန်တော်နေတဲ့ ကန်ထဲမှာ အားလို ချွန်ထက်တဲ့အရာ အများကြီး ရှိပါတယ်" ဆိုပြီး ဦးဇီးကွက်ကြီးကို ယူဆောင်ပေးသတဲ့။ ဦးဇီးကွက်ကြီးလည်း လိပ်ကလေး ယူပေးတဲ့ ချွန်ထက်တဲ့ အရာကို ယူဆောင်ပြီး မျောက်ကလေးကို ပေးလိုက်သတဲ့ မျောက်ကလေးလည်း ချွန်ထက်တဲ့အရာကို ယူဆောင်ပြီး သစ်ပင်ပေါ်ကို အမြန်တက်ပြီး ထောင်ချောက်ကြိုးများကို ဖြတ်တောက် ပေးလိုက်သတဲ့။ သမင်ကလေးလည်း မုဆိုးထောင်ချောက်က လွတ်မြောက်ပြီး အသက်အန္တရာယ်မှ လွတ်မြောက် သွားသတဲ့ကွယ်။

သမင်မလေးလည်း ဦးဇီးကွက်ကြီး မျောက်ကလေး ညီနဲ့ လိပ်ကလေးကို အလွန် ကျေးဇူးတင်ကြောင်း ပြောရင်း သူ့အရင်တုန်းက တစ်ကိုယ်ကောင်း ဆန်ခဲ့တာကို နောင်တရပြီး ခွင့်လွှတ်ပေးရန် တောင်းပန်ရှာသတဲ့ကွယ်။

အဲဒီတော့ ဦးဇီးကွက်ကြီးက တစ်ဦးအခက်အခဲကို တစ်ဦးက လိုအပ်ရင် လိုအပ်သလို ကူညီဆောင်ကျဉ်း ပေးကြရန် ဆိုဆုံးမသတဲ့။ အဲဒီ အချိန်ကစလို့ တိရစ္ဆာန်ကလေးတွေဟာ တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်းကြရင်း ပျော်ရွှင်စွာ နေထိုင်သွားကြသတဲ့ကွယ်။

သားသား မီးမီးတို့လည်း ပုံပြင်ထဲကတိရစ္ဆာန်လေးတွေလို တစ်ဦးကိုတစ်ဦး ကူညီရိုင်းပင်းရင်း ချစ်ချစ်ခင်ခင် အတူတကွ ပျော်ရွှင်စွာ နေထိုင်ကြပြီး ပညာတက်ကြီးတွေ ဖြစ်အောင် ကြိုးစားကြပေါ့ကွယ်။

ပံသူဇေ



www.burmeseclassic.com

www.burmeseclassic.com



# ဆိတ်ဆိတ်နေ တောင်ကျ

ဟိုးရှေးရှေးတုန်းက ခြင်္သေ့တစ်ကောင် ရှိသတဲ့။ သည်ကောင်က တော်တော် ထူးဆန်းတဲ့ကောင်ပဲ၊ ခြင်္သေ့ ဖြစ်ပြီးတော့ ခြင်္သေ့မတွေကို မကြိုက်ဘဲ မြေခွေးမနဲ့ သွားကြိုက်သတဲ့။ သည်တော့ သူ့အဖေ၊ အမေတွေ၊ မိသားစုတွေက သဘော မတူကြဘူးပေါ့။

သဘောမတူလည်း မတတ်နိုင်ဘူးလေ၊ ခြင်္သေ့နဲ့ မြေခွေးမဟာ တိတ်တိတ်လေး ပေါင်းသင်း နေထိုင်ကြသတဲ့။ ဒါနဲ့ပဲ သူတို့မှာ သားကလေး တစ်ကောင်ရလာသတဲ့။ သူတို့ သားလေးက ရုပ်ကတော့ အဖေ ခြင်္သေ့ အတိုင်းပဲ၊ အဲ အမေနဲ့ သွားတူတာက အသံကျမှ အမေနဲ့ သွားတူတာကိုး။ အသံထွက်ပြီး အော်လိုက်မှ မြေခွေးသံ ထွက်လာတာတဲ့ ကွယ်တို့။

သည်လိုနဲ့ သူတို့ သားလေးလည်း တဖြည်းဖြည်း ကြီးလာတာပေါ့။ တစ်နေ့တော့ မြေခွေးမက သူ့ ယောက်ျား ကိုခြင်္သေ့ကို "မောင်မောင်၊ မောင်မောင်၊ ကြည့်စမ်း၊ ခွေးခွေးတို့ သားတော်လေး ဟာလေ၊ ကြီးလာလိုက်တာ၊ အားရ စရာကြီးနော်၊ မောင်မောင်နဲ့ တစ်ထေရာ တည်းပဲ၊ သားတော်လေး အရွယ်ရောက်

www.burmeseclassic.com

www.burmeseclassic.com

လာပြီ မောင်မောင်ရယ်၊ သူ့ရှေ့ရေး စိတ်အေးရအောင် စီမံပေးပါဦး" လို့ ပြောသတဲ့။

သည်တော့ သူ့ယောကျ်ားကလည်း စိတ်ချပါပေါ့၊ သားလေးကို တောတစ်ထောင် အပိုင်စား ပေးမယ်ပေါ့။ ကိုခြသေ့်က အခုအချိန်မှာ သူ့အဖေရဲ့ အရိုက်အရာကို ဆက်ခံပြီး တောသုံးထောင် အရှင်သခင် တောဘုရင်ကြီး ဖြစ်နေပြီ ဆိုတော့ ပေးနိုင်တာပေါ့။ ဒါနဲ့ သားခြသေ့်လေးကို ခေါ်ပြီး ပြောတယ်။ "သား၊ မင်းကို အဖေ တောတစ်ထောင် ခွဲပြီး အပိုင်စား ပေးမယ်၊ မင်း လုပ်ရမှာက အသံ လုံးဝ မထွက်ပါနဲ့၊ မင်း အသံကြားရင် မင်းကို မြေခွေးမသားမှန်း သိသွားကြပြီး ဘယ်သူမှ ကြည့်ညိုကြတော့မှာ မဟုတ်ဘူး" ဆိုတော့ အကောင်လေးကလည်း ကောင်းပါပြီလို့ ကတိပေးသတဲ့။

ဒါနဲ့ အဖေ ခြသေ့်ကြီးက တောတိရစ္ဆာန်တွေကို ဆင့်ခေါ်ပြီး၊ အားလုံးရဲ့ ရှေ့မှာ သူ့သားလေးကို တောတစ်ထောင်ကို အပိုင်စားပေးဖို့ လုပ်ပါလေရော။ အောင်မယ် ... ကောင်လေးကလည်း ဂိုက်တွေ ဆိုက်တွေ အားကြီးကောင်း။ အားလုံးက အဖေတူသားပါပဲ၊ တည်ကြည် ခန့်ညားလှပါပေတယ်လို့ ဝိုင်းချီးမွမ်းကြရတာ။ မြီးကောင်ပေါက် ခြသေ့်မကလေးတွေဆို ဘာပြောကောင်းမလဲ၊ ကိုကို ... ကိုကိုနဲ့ ကြွေတာပေါ့။

အဲဒီမှာ အကောင်လေး ဘဝင်လေဟပ်တော့တာပဲ။ စိတ်ကြီးတွေ ဝင်ပြီး "ငါကွ" လို့ အသံကုန် ကြွေးကြော်လိုက်သတဲ့။ ဟာ ... ခွေးသံကြီး စူးခနဲ ထွက်လာတာပေါ့။ ပထမတော့ အားလုံး အံ့သြပြီး ငြိမ်သွားကြတယ်၊ နောက်တော့ "ခွေးခြသေ့်ကြီးဟေ့ ... ခွေးခြသေ့်ကြီးဟ" နဲ့ ဝိုင်းပြီး အော်ကြ၊ လှောင်ကြတာ ပွက်ပွက်ကို ညံလို့၊ ပွဲလည်း ပျက်သွားတော့တာပေါ့။

ခွေးခြသေ့်လေးလည်း တောတစ်ထောင် မရတော့ပါဘူး။ အဖေ ခြသေ့်ကြီးက အရမ်းကို စိတ်တွေဆိုးလို့၊ ဒေါသတွေ ဖြစ်လို့၊ နောက်တော့လည်း သားလေးအတွက် စိတ်မကောင်း ဖြစ်ရတာပါပဲ။ "သားရယ်၊ မင်းကွာ ... အဖေ ပြောထားရက်နဲ့ကွာ၊ တိတ်တိတ်နေနိုင်ရင် တောတစ်ထောင် တန်တယ်ကွ၊ တောက် ... အခုတော့ ကောင်းကြပြီပေါ့ကွာ" လို့ ညည်းရှာသတဲ့။

"တိတ်တိတ်နေ ထောင်တန်" ဆိုတဲ့ စကားပုံဟာ အဲဒီလို ဖြစ်လာခဲ့တာပေါ့ကွယ်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတုန်းက သူငယ်ချင်း နှစ်ယောက် ရှိသတဲ့။ သူတို့နှစ်ယောက်က ကုန်သည်တွေ ဆိုတော့ ခရီး ခဏခဏ ထွက်ရတာပေ့ါ၊ သိတယ် မဟုတ်လား၊ ကုန်သည်ဆိုတာ အရပ်ဒေသ တစ်ခုက ကုန်ပစ္စည်းတွေကို ဝယ်၊ အဲဒီ ကုန်ပစ္စည်းတွေ မရှိတဲ့ အရပ်ဒေသတွေကို သယ်ယူသွားပြီး ဈေးတင်ရောင်း၊ အမြတ်ကို စားကြရတာ။ ကုန်ပစ္စည်းတွေကို ဟိုသယ် သည်သယ် လုပ်ပြီး စီးပွါးရှာတဲ့ လူတွေမို့ ကုန်သည်လို့ ခေါ်တာပေ့ါ။ ကုန်သည်တွေဟာ ဟိုသွား သည်သွား ခရီးတော့ အားကြီး ထွက်ရတာပဲ။

အခုန ပြောခဲ့တဲ့ သူငယ်ချင်း နှစ်ယောက်ကလည်း ကုန်သည်တွေ ဆိုတော့ ခရီး ခဏခဏ ထွက်နေရတာပေ့ါ။ သူတို့ နှစ်ယောက်က အတူတူ သွားနေလာနေကြ၊ ကုန်ကူးနေကြ၊ စီးပွါးဖက်တွေလေ။ ကုန်သည်တွေ ဆိုတာက သွားရင်းလာရင်း လမ်းမှာ နေဝင်မိုးချုပ် သွားလို့ ခရီး မဆက်နိုင်တော့ဘူး ဆိုရင် အနီးအနားမှာ အိမ်တွေ ဘာတွေ တွေ့ရင်လည်း တောင်းပန်ပြီး တည်းရ ခိုရတာပဲ။ ဘုန်းကြီးကျောင်းများ တွေ့လို့ကတော့ သာတောင် ကောင်းသေးဗျား၊ အိပ်စရာ နေရာတင် မကဘူး၊ ဆွမ်းကျန်လေး ဘာလေးပါ ကပ်ပြီး တောင်းစားလို့ ရသေးတာကိုး။




www.burmeseclassic.com

www.burmeseclassic.com

တောထဲမှာ ဆိုတော့ စားစရာဆိုလည်း ကိုယ့်မှာ ပါလာတဲ့ ထမင်းခြောက်တို့ ရိက္ခာခြောက်တို့ကိုပဲ ဆီမပါ ပျားမပါနဲ့ ကြိတ်မှိတ် စားကြရတာ။ အိပ်တော့လည်း တွေ့တဲ့ သစ်ပင် ခပ်ကြီးကြီး တစ်ပင်အောက်မှာ ရှိတဲ့ အခင်းလေး ချခင်းပြီး အထုပ်ခေါင်းအုံး အိပ်လိုက်ရတာပဲ။ ဒါလည်း ဘယ်ဖြောင့်ဖြောင့်တန်းတန်း အိပ်နိုင်ပါ့မလဲ၊ ကိုယ့် ကုန်ပစ္စည်းတွေကို သူခိုးဓားပြတွေများ လာပြီး လုကြယက်ကြမလား ပူရ၊ အိပ်ပျော်နေတုန်း ကျားတွေ ဘာတွေများ လာဆွဲလေမလား စိုးရိမ်ရနဲ့ ရင်တထိတ်ထိတ်နဲ့ အိပ်တစ်ဝက် နိုးတစ်ဝက် အိပ်ကြရတာတဲ့လေ။

ဟောဗျာ၊ အခုန ကလေးတို့ကို ပြောပြခဲ့တဲ့ ကုန်သည်သူငယ်ချင်း နှစ်ယောက်လည်း သည်နေ့တော့ တောထဲမှာ အိပ်ရတော့မယ်၊ နေဝင်သွားပြီလေ။ ဒါနဲ့ တွေ့တဲ့ ညောင်ပင်ကြီး တစ်ပင်အောက်မှာ အိပ်ကြမယ်လို့ နေရာ ရွေးလိုက်ကြသတဲ့။ အိပ်ကြမယ်ဆိုတော့ သူငယ်ချင်း တစ်ယောက်က ညောင်ပင်စောင့်နတ်ကို တိုင်တည်ပြီး ရှိခိုးသတဲ့။ သူက လက်ဖွဲ့တို့၊ အဆောင်တို့၊ ယတြာတို့ ဆိုတာမျိုးတွေကို ဝါသနာ ပါတာကိုး၊ နတ်တို့၊ စုန်းတို့ကလည်း ယုံတတ်သေးတာ။ "အရှင်ကြီး ခင်ဗျား" ပေါ့၊ ညောင်ပင်စောင့်နတ်ကို ဖားတာလေ၊ ရှိရှိသေသေ အရှင်ကြီးလို့ ခေါ်ပစ်လိုက်တာ။ "အရှင်ကြီး ခင်ဗျား၊ အရှင်ကြီးဆီမှာ ကျွန်တော့်ကိုယ်ကို အပ်ပါတယ်၊ ဘေးမသီ ရန်မခ ရအောင် စောင့်ရှောက်ပေးတော်မူပါ" ပေါ့၊ အဲဒီလို ဆုတောင်းပြီး ဖင်ဘူးတောင်း ထောင်ထောင်ပြီး ကန်တော့ပစ်လိုက်တာပဲ။

ကျန်တဲ့ သူငယ်ချင်း တစ်ယောက်ကတော့ ဒါမျိုးတွေ ဝါသနာ မပါဘူးတဲ့။ သူက ကိုယ့်ကိုယ်ကို အားကိုးရမယ်၊ ကိုယ်လုပ်မှ ကိုယ်ရတာလို့ ခံယူထားတဲ့လူ။ ညောင်ပင်စောင့်နတ်ကို ရှိခိုးပြီး အပူကပ် မနေဘူး၊ သူ့ဘာသာ သူအိပ်ရာခင်းထားတဲ့ ဘေးမှာ ကျားတွေ ဘာတွေ အလွယ်တကူ ဝင်ဆွဲလို့ မရအောင် ဆူးတွေချ၊ သစ်ကိုင်းတွေ ရံနဲ့ပေါ့လေ၊ တတ်နိုင်သလောက် လုပ်တယ်၊ ပြီးတော့ အိပ်ရာထဲမှာ ဓားကိုင်ပြီး သတိ ဝီရိယနဲ့ အိပ်တယ်။ အဲ ဟို အရှင်ကြီးကို သူ့ကိုယ်သူ အပ်ထားတဲ့ ကောင်ကတော့ အိပ်နေတာ သိုးလို့၊ ကိစ္စရှိရင် အရှင်ကြီးက သူ့ဘာသာ ကြည့်ကျက် ကယ်လိမ့်မယ်ပေါ့ ဆိုပြီး ညောင်ပင်စောင့်နတ် အားကိုးနဲ့ နပ်နေတာလေ။

www.burmeseclassic.com

www.burmeseclassic.com

ည သန်းခေါင်လည်း ရောက်ရော ... အားလားလား၊ ကျားကြီး တစ်ကောင်ဗျာ၊ ညောင်ပင်ဆီကို လာပါလေရောလား။ ကျားကြီးက အကြီးကြီးပဲ၊ ရောမကြီးတဲ့။ စကောလောက် ရှိတဲ့ မျက်လုံးကြီးတွေက အမှောင်ထဲမှာ မီးလုံးကြီးတွေလိုပဲ၊ အစွယ်ကြီးကလည်း ပြူးလို့၊ မြေကြီးကို ဘုတ်ဘုတ် ဘုတ်ဘုတ်နဲ့ ရိုက်နေတဲ့ အမြီးကတောင် ညောင်ကိုင်းလောက် ရှိသတဲ့။ ကုန်သည် သူငယ်ချင်း နှစ်ယောက်လည်း နိုးလာတာပေါ့၊ နိုးလာပြီး ကျားကြီးကို တွေ့တော့ ကြောက်တာပေါ့။ အရှင်ကြီး အားကိုးတဲ့ သူငယ်ချင်းကတော့ ကြောက်လိုက်တာ တုန်လို့၊ ပါးစပ်ကလည်း "ရှင်ကြီး ကယ်ပါ၊ ရှင်ကြီး ကယ်ပါ" လို့ တတွတ်တွတ် လုပ်နေတာပဲ၊ ကျန်တဲ့ တစ်ယောက်ကတော့ ကြောက်ပေမယ့်လည်း ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်လို့ ကျားကြီးကိုပဲ မျက်ခြည်မပြတ် ကြည့်နေသတဲ့။

ကျားကြီးက ညောင်စောင့်နတ်ကို "အသင် ညောင်ပင်စောင့်နတ်၊ သင့် အပင်အောက်မှ လူသားနှစ်ဦးအား ငါ့ကို ပေးလော့၊ မပေးလျှင် သင့်ညောင်ပင်အား ယခုပင် ဖြိုလတ္တံ့." လို့ ခြိမ်းခြောက်ပြီး တောင်းသတဲ့။ ညောင်ပင်စောင့်နတ်လည်း တော်ရုံတန်ရုံဆို မဖြုန်ပါဘူး၊ အခု ကျားက အကောင်ကြီးတော့ ကြောက်တာပေါ့၊ အေးလေ အကောင်ကြီးရင်တော့ သူသူကိုယ်ကိုယ် ကြောက်ကြတာပဲ မဟုတ်လား။ ဒါနဲ့ ကျားကြီးကို ညှိလိုက်တယ်၊ ဟို တုန်နေတဲ့လူက သူ့ကိုယ်သူ ကျုပ်ဆီမှာ အပ်ထားတာ၊ ဒါကြောင့် ပေးလို့ရတယ်၊ ဓားကိုင်ထားတဲ့ လူကတော့ သူ့ကိုယ်ကို အပ်မထားဘူး၊ ဒါကြောင့် ပေးလို့ မဖြစ်နိုင်ဘူး၊ သည်တော့ သူ့ကိုယ်သူ အပ်ထားတဲ့ လူကိုသာ ယူပြီး အသင် ကျားကြီး ပြန်ပါတော့ ဆိုတော့ ကျားကြီးက "အိုခေ ... အိုခေ၊ ဂလက်တူ ဆီး ယူ၊ ဆီးယူ အဂိန်း" ဆိုပြီး ပြန်ရော။

ကဲ ... ညောင်ပင်စောင့်နတ်ကို အားကိုးမိတဲ့ သူငယ်ချင်းခမျာတော့ ကျားပါးစပ်ထဲ ကန့်လန့် ကန့်လန့်နဲ့ ပါသွားရှာပြီ။ အဲဒီလို ပါသွားရင်းက "ကျားကြောက်လို့ အရှင်ကြီး အားကိုးမိပါတယ်၊ ရှင်ကြီး ကျားထက် ဆိုးနေပါကောလား" လို့ အော်သွားသတဲ့။ အဲဒီအချိန်က စပြီး "ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီး ကျားထက်ဆိုး" ဆိုတဲ့ စကားပုံ ဖြစ်လာခဲ့တာပေါ့ကွယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုး ရှေးရှေးတုန်းက မင်းသားလေး တစ်ပါး ရှိသတဲ့။ တစ်နေ့ကျတော့ တောကစား ထွက်လာရင်းနဲ့ လူစုကွဲပြီး သူတစ်ယောက်တည်း တောထဲ တလည်လည် ဖြစ်နေသတဲ့။

အဲဒါနဲ့ နန်းတော်ကို ပြန်ဖို့ လမ်းစရှာရင်းနဲ့ သစ်ပင်ကြီး တစ်ပင်အောက်ကို ရောက်လာရောတဲ့။ သစ်ပင်အောက် ရောက်လာတော့ ရုတ်တရက် ငိုသံကြားလိုက်သတဲ့။ မိန်းကလေး အသံပဲ။ လိုက်ရှာတော့လည်း ဘယ်သူ့မှ မတွေ့ရဘူး။ ငိုသံကလည်း ထွက်နေတုန်းပဲ။ ဒါနဲ့ ထပ်ရှာ၊ ဟာ ... နောက်ဆုံးမှ တွေ့ပြီ၊ သစ်ပင်အောက်မှာ ရှိတဲ့ ခြတောင်ပို့ကြီးထဲက ထွက်လာတဲ့ ငိုသံပဲ၊

www.burmeseclassic.com

www.burmeseclassic.com

မင်းသားလေးက ခြတောင်ပို့ကို အသေအချာ ကြည့်တယ်၊ သည်တော့မှ ခြတောင်ပို့ထဲကနေ အပြင်ကို ထွက်နေတဲ့ ဆံပင်တွေကို မြင်ရသတဲ့။ ဒါနဲ့ မင်းသားလေးလည်း ဆံပင်ကို ကိုင်ပြီး အပြင်ကို ဆွဲထုတ်ရော။ ဒါပေမယ့် ဘယ်လောက် အားစိုက်ပြီး ဆွဲထုတ်ထုတ် မရဘူး။ နောက်ဆုံးတော့ မင်းသားလေးဟာ သူ့ခေါင်းပေါ်က သစ်ကိုင်းကို လက်နှစ်ဖက်နဲ့ခိုၤ အားယူပြီး ခြတောင်ပို့ထဲက ထွက်နေတဲ့ ဆံပင်တွေကို ခြေမနဲ့ ညှပ်ပြီး အားကုန် ဆွဲထုတ်လိုက်မှ ငိုနေတဲ့ မိန်းကလေး တစ်ယောက် ခြတောင်ပို့ အပြင်ကို ရောက်လာသတဲ့။

မိန်းကလေးက မင်းသားလေးကို လမ်းပြပေးလို့ နန်းတော်ကို ပြန်ရောက်လာကြတယ်။ ဒါပေမယ့် သူ့ဆံပင်ကို ခြေမနဲ့ ဆွဲယူရကောင်းလား ဆိုပြီး မိန်းကလေးက မင်းသားလေးကို စကားတော့ မပြောဘူးတဲ့။

မင်းသားလေးက မိန်းကလေး သူ့ကို စကားပြောအောင် ကြံတာပေါ့။ မိန်းကလေးကို သူကိုယ်တိုင် ချက်ပြုတ်ကျွေးမယ် ဆိုပြီး မီးဖိုဆောင်ထဲ ခေါ်သွားတယ်၊ ပြီးတော့ စားပွဲမှာ ထိုင်ခိုင်းထားပြီး မင်းသားလေးဟာ မီးမွှေး ထမင်းအိုး တည်တယ်၊ အဲ ယောက်မကို ခါးကြားထိုး၊ လက်နီးစုတ်ကို ခေါင်းမှာပတ်၊ စလောင်းဖုံးကို ခေါင်းပေါ်မှာ ဆောင်းလို့ပေါ့။ မိန်းကလေးက တော်တော်ကြောင်တဲ့ မင်းသားပဲ ဆိုပြီး ကြည့်နေသတဲ့၊ ဘာမှတော့ မပြောပါဘူး။

ဟော ထမင်းအိုး ပွက်ပွက် ဆူလာပြီ၊ ယောက်မနဲ့ မွှေမှ၊ မဟုတ်ရင် ဝေကျကုန်တော့မယ်။ မင်းသားလေးဟာ ခါးမှာ ထိုးထားတဲ့ ယောက်မကို မေ့နေဟန် ဆောင်ပြီး မီးဖိုဆောင် တစ်ဆောင်လုံး ပြောင်းဆန်သွားအောင် လှည့်ပတ် ရှာနေသတဲ့။ ယောက်မရေ ... ယောက်မ၊ ငွေ ရွှေယောက်မ နင် ဘယ်မှာ ပုန်းနေသလဲ။ နောက်ဆုံးတော့ မိန်းကလေးလည်း မနေနိုင်တော့ဘူး၊ "ခါးကြားက ဘာကြီးတုန်း" လို့ ဝေါက်လိုက်သတဲ့။ သည်တော့မှ မင်းသားလေးလည်း ယောက်မကို ရှာတွေ့သွားပြီး ထမင်းအိုး မွှေရတာပေါ့၊ တော်သေးတယ် ဝေမကျလို့။

www.burmeseclassic.com

www.burmeseclassic.com

အဲ မတော်သေးဘူး၊ တော်ကြာနေတော့ ထမင်းအိုး ပွက်လာပြန်ရော၊ ထမင်းရည် ငှဲ့မှ၊ ငှဲ့မှ။ ထမင်းရည် ငှဲ့ဖို့ မင်းသားလေး လက်နှီးစုတ် ပျောက်နေပြန်ပြီ၊ ပြူးတူးပြဲတဲ လိုက်ရှာနေပြန်ပြီ၊ အဲဒီမှာလည်း မိန်းကလေးက နောက်ဆုံး မနေနိုင်တော့ "ခေါင်းမှာ ပတ်ထားတာ ဘာတုန်း" လို့ အော်မှ လက်နှီးတွေ့ပြီး ထမင်းရည် ငှဲ့ရတော့တယ်။

ထမင်းအိုးကို နပ်ပြီးတော့ အုပ်ထားဖို့ စလောင်းဖုံး ပျောက်နေတာလည်း မိန်းကလေးကပဲ "ခေါင်းပေါ်မှာ ဆောင်းထားတယ် မဟုတ်လား" လို့ သတိပေးရတာပဲ။ အဲဒီလို မင်းသားလေးက မိန်းကလေးကို သူ့ဘာသာ စကားသုံးခွန်း ပြောအောင် လုပ်နိုင်လို့ မိန်းကလေးဟာ စိတ်ဆိုးပြေသွားပြီ မင်းသားလေးကို စကားပြောတော့သတဲ့။

အဲဒီပုံပြင်က်နေပြီး "ယောက်မ ခါးထိုးရှာ" ဆိုတဲ့ စကားပုံ ဖြစ်လာခဲ့သတဲ့ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



# နေနတ်သားနှင့် လေနတ်သား တန်ခိုးပြိုင်ခြင်း အကြောင်း

တစ်ရံခါကား၊ လေနတ်သား၊ အကြွား လွန်လေ၏။
တန်ခိုးအရာ၊ ငါမှငါ၊ ငါသာ တုမရှိ။
လေနတ်စကား၊ နေနတ်သား၊ ကြားလျှင် စိန်ခေါ်ဘိ။

နင့်ကိုယ်နင်ပင်၊ စိတ်ကြီးဝင်၊ ပြိုင်ယှဉ် ငါ့ကိုကြည့်။
ဟောဟိုလူသား၊ အဝတ်များ၊ ကျွတ်သွား စေရန်တည့်။
တန်ခိုးကိုယ်စီ၊ ထုတ်ပြိုင်မည်၊ စွမ်းရည် ဘယ်သူရှိ။

လေနတ်သားလည်း၊ တအားခဲ၊ လေဝဲ မှုတ်လေ၏။
အင်္ကျီကျွတ်ခြင်း၊ အားကုန်သွင်း၊ လေပြင်း တိုက်စေ၏။
သို့သော်အဝတ်များ၊ ကျွတ်မသွား၊ လူသား နေနိုင်ဘိ။

BURMESE CLASSIC



နေနတ်သားမူ၊ နေပြင်းဆူ၊ အပူ လွှတ်လေ၏။
လူယောကျ်ားလည်း၊ အပူကဲ၊ ချွေးရွှဲရွှဲ စိုစိ။
ပူစပ်ယောကျ်ား၊ မနေအား၊ အဝတ်များ ချွတ်လေ၏။

အပြောကြီးမား၊ လေနတ်သား၊ မကြွားနိုင်ပြီတည့်။
အမှားဒဏ်သာထိ။
အရှုံး ဝန်ခံဘိ။

www.burmeseclassic.com

www.burmeseclassic.com

# ပညာညှိုးနွမ်း သူ့ ဂုဏ်ထမ်း

ခေတ်၏ရှေ့ဆောင်၊ လူငယ်များတို့
ပညာစီးပွား - ရှာကြလေ။

အပျင်းသန်ကာ၊ အပျော်လိုက်လို့
မတော်စရိုက်၊ ရှောင်ကြဉ်လေ။

လသာတုန်းမှာ၊ ဗိုင်းငင်လားသို့
ပညာသင်ကြား၊ ချိန်ကုန်စေ။

အတတ်ပညာ၊ မဲ့သူများကို
နွား၏အလား။သူခိုင်းစေ။

ပဏ္ဍိတ်အမော်၊ တော်သူများသည်
ပူဇော်ဂပ်တွား၊ ခံထိုက်ပေ။
ဒါကြောင့်မို့၊ ပညာကိုတွေး လောကအရေး
အလေးပေးသင့်ပေ။
အဲဒါမှ လောကဓမ္မ၊ ကမ္ဘာ့သိဉာဏ်ဝေ။

လောကနီတိ စာဥယျာဉ်

ယုဇန (ကျောက်ဖြူ)

www.burmeseclassic.com

သားသားမီးမီးတို့အတွက်
သင်ထောက်ကူကလေးကဗျာနှင့်
# အိပ်ရာဝင်စကားပုံ ပုံပြင်များ



## ပိုးစုန်းကြူး

မြောက်အရပ်က ရှုစုံကြယ်
လမ်းပျောက်သူကို လမ်းပြတယ်
ညမှောင်ကောင်းကင် ထိန်ထိန်လင်း
ဖိုးလမင်းရဲ့ရွှေအဆင်း။

မီးမီးတို့ရဲ့ညခံထဲမှာ
လင်းတုံ့ မှိတ်တုံ့ ရောင်စဉ်ဖြာ
သူ့မှာလည်းလင်း သူ့အချင်း
ဖိုးလမင်းရဲ့ သူငယ်ချင်း။

ဘုန်းလင်္ကာ

BURMESE CLASSIC
www.burmeseclassic.com